၉-ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်
ညောင်လေးပင်

ကျွန်ုပ်တို့အားလုံးအတွက် မယ်တော်သခင်မဟာ သနားကြင်နာတဲ့မိခင် တစ်ပါးဖြစ်ပါတယ်။ နှစ်စဉ်ဒီညောင်လေးပင်မှာ ထောင်သောင်း-သိန်းထိ စုရုံးကြတယ်။ ပြည်သူပြည်သား ညီအစ်ကိုမောင်နှမများ စုစည်း တွေ့ဆုံရာနေရာလည်းဖြစ်တယ်။ ကျွန်ုပ်တို့အားလုံး အမိမယ်တော်ရဲ့ ကြားဝင်ဆုတောင်းခံစားဘို့ လာစုကြတယ်။ ဒီရက်တွေ အမေပွဲကို ကျင်းပနေကြတယ်။ ညောင်လေးပင်သည် ကျွန်ုပ်တို့ အားလုံးရဲ့ သမိုင်းလည်းဖြစ်တယ်။ ပြင်သစ်ပြည်က သာသနာပြုများ အစပြုခဲ့ ကြတယ်။

၁၈၅၂- ဆရာတော်ကြီး Ambrose Bigandet ညောင်လေးပင် သာသနာ ဖွင့်ပြီး ဘုန်းတော်ကြီး Michael Mignon က၊ သစ်သားဘုရားကျောင်း လေး ဆောက်ပြီး လုဒ်မယ်တော်ကို အပ်နှံခဲ့တယ်။ ၁၉၀၂ခုနှစ်မှာ ဘုရား ကျောင်း အသစ်တစ်ဆောင် ဆောက်ခဲ့တယ်။ ၁၉၁၈မှာ မယ်တော်ဂူ ဆောက်၊ ၁၉၂၈မှာ ဘာသာရေးအစွန်းအဖျားရောက်တဲ့လူတွေက မယ်တော်ဆင်းတုကိုဖျက်စီးပစ်တယ်။ များမကြာမှီပဲ ပြင်သစ်ပြည်က မယ်တော်ဆင်းတုတစ်ဆူ ရောက်လာခဲ့တယ်။

၁။ မယ်တော်ဂူဟာ အသင်းတော်ရဲ့ ဒုက္ခခံစားရဲတဲ့ သမိုင်းနဲ့ ဆက်နွယ် နေတယ်။
- ဒုက္ခအမျိုးမျိုး အဖုံဖုံကြားထဲက မယ်တော်ကစောင့်ရှောက်ပေးတယ်။
- သခင်ယေဇူးလေးကို ဒုက္ခထဲက တိုင်းတပါးပြေးရှောင်ချိန် ကာကွယ်ပေး သလို ကျွန်ုပ် ကချင်ပြည်နယ်မှာ စစ်ဘေးကြောင့် တိမ်းရှောင်နေကြတဲ့ IDP ရှိ ညီအစ်ကိုမောင်နှမ သားသမီးများကိုလည်း စောင့်ရှောက်ပေး နေမှာပါ။
- ကာနန်လက်ထပ်ပွဲမှာ သားတော်သခင်ယေဇူးကို တန်ခိုးပြဘို့ နှိုးဆော် သလို၊ ကျွန်ုပ်တို့ တစ်ဦးစီနဲ့ မိသားစုကို ကောင်းကြီးပေးမှန်ပါ။
- ပဌမ ဧဝဟာ၊ လူသားအားလုံးရဲ့ မိခင်ဖြစ်ခဲ့တယ်။ ဒို့အားလုံး ဒီမိခင်မှ မွေးဖွားခဲ့တယ်။ ပဌမ ဧဝဟာ ဘုရားအချစ်ကို နားမလည်ခဲ့ဘူး။ ဒုတိယ ဧဝ(မာရိယား)ဟာ ဘုရားအချစ်ဖြစ်တယ်။ ရိုးသားစင်ကြယ်တဲ့ ဂျူးကညာစင်လေဟာ ဘုရား မယ်တော်ဖြစ်တယ်။ ဘုရားဇာတိကို မွေးပေး

တာမဟုတ်ပေမဲ့ ဘုရားသခင်ရဲ့ ကယ်တင်ရေး စီမံကိန်းထဲမှာ မိမိရဲ့ ခန္ဓာကိုယ်၊ အသွေးသားနဲ့ပါဝင်၊ သခင်ယေရှုး ကယ်တင်ရှင်ကို မွေးဖွါး ခဲ့တယ်။ ဘုရားဟာ ကျွန်ုပ်ပုံဏ္ဍာန်ယူပြီး၊ ကမ္ဘာကြီးအတွက် မယ်တော်မှ မွေးဖွါးခဲ့တယ်။
- ဒီနေ့မှာ မြန်မာပြည်သူပြည်သားတွေ မယ်တော်ကို ချီးမွမ်းဘို့ ဘုရား အမေ-ဒို့အမေဖြစ်ခြင်းကို ကျေးဇူးတင်ဘို့လာကြတယ်။ မယ်တော် မာရိယား၊ ဘုရား ကယ်ဆယ်ခြင်းသမိုင်း ဘယ်လောက်အရေးပါသလဲ ဆိုတာ နားမလည်တဲ့ ခရစ်ယာန်ဂိုဏ်းကဏ္ဍတွေ သူမကို ရိုးရိုးအမျိုးသမီး တဦးကဲ့သို့ ယူဆကြတယ်။ Elizabeth မယ်တော်ရဲ့အမဂင်္ဂါကွဲ ကိုယ်တိုင် ကြေငြာခဲ့တာ မဟုတ်လား။ အကျွန်ုပ်သခင်၏ မယ်တော်၊ ဘုရား၏ မယ်တော်၊ ကျွန်ုပ်ဆီသို့ ကြွလာသော ကျေးဇူးကို အဘယ်အကြောင်း ကြောင့် ကျွန်ုပ်ခံရပါသနည်း။ (လုကား ၁း၄၃) ကက်သလစ်များ အတူတူလာစုစည်းပြီး ဘုရားမယ်တော်၊ ဒို့မိခင်ကို ချီးမွမ်းဘို့ လာကြတယ်။

၂။ ထိုနည်းလည်းကောင်း အိမ်ထောင်စုများရဲ့ မိခင်များ ကျေးဇူးကိုလည်း ကျေးဇူး တင်ချီးမွမ်းကြပါတယ်။ ဒီဘာသာတူစုရုံးနေတဲ့အထဲမှာ ပရိတ် သတ်ထဲမှာ မိခင်တွေ၊ ထောင်သောင်းချီရှိပါတယ်။ ဗမာစကား ကောင်းကောင်း မတက်တဲ့ Fr. Thomas D’ Souza ကို သတိရမိတယ်။ နဘတ်ရွာ အညာမှာ ခရစ္စမတ်ပွဲ ဩဝါဒပေးတဲ့အခါ ပရိတ်သတ်တွေ အများကြီးရှိတာပဲလို့ ပြောမဲ့အစား၊ ဒီမှာ ပဋိသန္ဓေတွေ အများကြီးရှိတာ ဘဲ၊ ဖြစ်ချင်တော့ ကိုယ်ဝန်ဆောင် အမျိုးသမီး တွေလည် အတော်များ နေတယ်။ မိခင်များရဲ့ရတနာ၊ မိခင်ဖြစ်ဘို့ ရွေးချယ်တဲ့ အမျိုးသမီးတွေ မိမိတို့ရဲ့ သွေးနဲ့သားကို သားသမီးများနဲ့ ဝေမျှခွဲဝေ ပေးတယ်။ ရတနာပါ။
လက်ထပ်ပြီး - အပျော်ပဲနေချင်တယ်။ ခလေးမလိုချင်တဲ့ အတ္တစိတ်ရှိတဲ့ အမျိုးသမီးတွေလည်း အများကြီးရှိနေတယ်။

ကျွန်ုပ်တို့ကျတော့ - မိခင်များကို ကျေးဇူးတင်တယ်။
ကိုယ့်အသက်ဟာ - မိခင်ရဲ့လက်ဆောင်မွန်
ကိုယ့်အသက်ဟာ - မိခင်ရဲ့ ရက်ရော ဆက်ကပ်မှု
မယ်တော်မာရိယားများ (မိခင်များ)အတွက် သခင်ဘုရားကို ကျေးဇူးတင် ပါတယ်။

၃။ ဒို့ မျက်စိဖွင့်လိုက်ရင် ဘုရားကျေးဇူးတော်ဖြစ်တဲ့ မိခင်များလို ကျေးဇူးများ မြင်ရတယ်။ ဥပမာ ဧရာဝတီမြစ်

မြန်မာပြည်သူ/သား အားလုံးအတွက် Sacred Mother to all people of Myanmar.- တစ်ပြည်လုံးကို ကျော်ဖြတ် စီးဆင်းပြီး အစားအစာ - ရေကို ပေးတယ်။ လယ်သမားများအတွက် အစဉ်တစိုက် စောင့်ရှောက်တဲ့မိခင်။ ခရီးသယ်များအတွက် စိတ်ရှည်ရှည်နဲ့ ထောင်သောင်းမကသော လှေသင်္ဘောများနဲ့ သယ်ဆောင်ပေးတဲ့မိခင်။

- ဘူမိဗေဒပညာရှင် အယူအဆအရ - လူသားတွေမပေါ်ပေါက်ခင်- လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၅)သန်းက ဧရာဝတီမြစ်တည်ခဲ့တာ။ ရှေးမြန်မာဘုရင် တွေက သူတို့ရဲ့ မြို့တော်တွေကို ပင်းယနဲ့ရွှေဘိုက လွဲလို့ ကျန်တဲ့ မြို့တော်တွေ- ပျူတို့ရဲ့ သရေခေတ္တရာ (ပြည်မြို့)၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ အမရပူရ၊ မန္တလေး စသဖြင့်မြို့များကို ဧရာဝတီ ကမ်းဘေးမှာ၊ ဒီမြစ်ကို အခြေခံပြီး မြို့တော်တွေတည်ခဲ့ပါတယ်။ ဧရာဝတီမြစ် အရှည် ဟာ မိုင်ပေါင်း ၁၃၅ဝ ရှိပြီး၊ အရှေ့ရိုးမနဲ့အလယ်ရိုးမ တောင်တန်းတွေ ကြား ဖြတ်စီးလာရတယ်။

ပင်လယ်ဘက်ကို မျက်နှာမူပြီး ကြည့်ရင် ညာဘက်(လက်ျာ)ဘက်က စီးဝင် တဲ့ မြစ်ချောင်းတွေဟာ မိုးကောင်းချောင်း၊ မဲဇာမြစ်၊ မူးမြစ်၊ ချင်းတွင်း မြစ်၊ ယောချောင်း၊ စလင်းချောင်း၊ မုန်းချောင်း၊ မန်းချောင်း၊ မင်းတုန်းချောင်း။

ဘယ်လက်(လက်ဝဲဘက်) ဧရာဝတီမြစ်ထဲ စီးစင်တဲ့ မြစ်ချောင်းတွေဆိုရင် မိုးလယ်ချောင်း၊ တပိန်မြစ်၊ ရွှေလီမြစ်၊ မြစ်ငယ်(ခ) ဒုဋ္ဌဝတီ၊ ဇော်ဂျီ မြစ်၊ ပန်းလောင်မြစ်၊ စမုန်မြစ်၊ ပင်းချောင်း၊ ဒေါင်းသေချောင်း၊ ယင်းချောင်း၊ နဝင်းချောင်း အားလုံး ဧရာဝတီမြစ်ဖြစ်သွားပြီး တူည သော ၂၈ဝ ၀ နှုအညေပ ပန်းတိုင်ခရီးဆုံးဖြစ်တဲ့ ပင်လယ်ထဲစီးဝင်သွားတယ်။ အံ့သြစရာပါပဲ။ ကျွန်ုပ် မြန်မာပြည်သူပြည်သား တိုင်းရင်းသား ပေါင်းစုံ တက်ညီလက်ညီ စုစည်းကြပြီး တစ်ခုတည်းသော ခရီးပန်းတိုင် သွားနေကြတယ်ဆိုတာ မိခင်ဧရာဝတီ မြစ်ကြီးက အမြဲဆုံးမနေတယ်။ သက်သေပြနေပါတယ်။

ရောဂတီရဲ့ထူးခြားချက်က မြန်မာမြေမှာ အစပြုပြီး မြန်မာမြေပိုင်ထဲမှာပဲ ပင်လယ် ထဲစီးဝင် အဆုံးသတ်တဲ့ မြန်မာတို့ရဲ့မြစ်ကြီးစစ်စစ်ဖြစ်နေတယ်။
မိခင်ရောဂတီဟာ- လူမျိုးဘာသာစုံ၊ သာသနာစုံ သမိုင်းကြောင်းအရ ပထဝီ သဘောအရ လူမှုစီးပွါးရေးအရ ကူးသန်းရောင်းဝယ်ရေးအရ၊ နိုင်ငံရေးအရ၊ မြန်မာဆိုတဲ့ သင်္ကေတနဲ့ခွဲခြားမရဘူးဆိုတာ သက်သေပြ နေပါတယ်။
မြန်မာ ဆိုတာ ဗမာလူမျိုးအပြင်၊ တိုင်းရင်းသားမျိုးနွယ်အားလုံးကို ပြောချင်တဲ့စကား ရပ်ပါလို့ အလေးအနက်ပြောချင်ပါတယ်။

- အဲတော့ မြန်မာ့အသက်သွေးကြော ရောဂတီ မိခင်ကြီးကို ထိပ်က ပိတ်ပြီး တည်ဆောက်မဲ့ ဆည်စီမံကိန်းဟာ မဖြစ်နိုင်ပါဘူး။ မဆက်နိုင်ပါ ဘူးလို့ ပြောချင် ပါတယ်။

မြစ်ဆုံဟာ မြန်မာနိုင်ငံကို သဘာဂမိခင်ကပေးထားတဲ့ အဖိုးတန် သယံဇာတ ရတနာဖြစ်ပါတယ်။ မြစ်ဆုံဒေသ အပါအဝင် ရောဂတီမြစ်ကြီး မိုင်ပေါင်း ၁၃၅ဂ တစ်လျောက်လုံးကို သဘာဂအတိုင်း ထာဂရတည်ရှိဖို့ မိမိတို့ အသွေးအသားကို ကာကွယ်ဘို့ လိုပါတယ်။ အစိုးရနင့် တပ်မတော် ကလည်း ပြည်သူလူထုရဲ့ ဆန္ဒကို လိုက်လျောဘို့ စီစဉ်နေပါတယ်။
နောက်တစ်ချက်က ရေကာတာ၊ ဆည်တွေလုပ်တဲ့နေရာတွေ မြေငလျင်ပို ထိတဲ့ အပြင် မြစ်ဆုံဒေသဟာလည်း မြေလျင်ကြောမှာ ကျပါတယ်။ မိခင် ရောဂတီကြီး ကျန်းမာပါစေ။ အသက်ရှည်ပါစေ။ ဘေးအန္တရာယ် အပေါင်း ကင်းရှင်းပါစေ။ သာဓု၊ သာဓု၊ သာဓု။
အခုက အမေတွေအကြောင်းပြောနေကြတာ
မာရိယား သခင်မ - ဒို့အမေ
မိသားစုမှာ ရှိတဲ့မိခင်များ ဒို့အမေ
ရောဂတီမြစ်ကြီး ဒို့အမေ

၄။ နိုင်ငံတော်ရဲ့ အမေဟာ အစိုးရနဲ့တပ်မတော်လည်းဖြစ်တယ်။ ကောင်း သော အစိုးရ မိခင်ဟာ သူရဲ့သားသမီးများကို ကာကွယ်ပေးတယ်။ တိုးတက်ဖွံ့ဖြိုးဘို့ စောင့်ရှောက် ပေးတယ်။

မြန်မာပြည်ဟာ ပွင့်လင်းတဲ့ရာသီဖြစ်လာတာ (၈)နှစ်ခန့်ရှိပါပြီ။ အရင်က ကျွန်ုပ် တို့ ဖွင့်ဟရေးခဲ့တယ်။ နိုင်ငံတော်ကို အုပ်ချုပ်သူများဟာ မိဘများ ဖြစ်ပါတယ်။

ဒို့ရဲ့မိခင်မာရိယား- မြန်မာပြည်ကို သုံးသပ်လိုက်ရင်၊ ဒို့တစ်ဦးစီကို ကြည့်လိုက် ရင် သဘောကျမလား၊ ပျော်မယ့်လား။ ကြည်နူးမလား။ မယ်တော်ကိုယ်တိုင် အီဂျစ်မှာ ပုန်းရှောင်နေရတယ်။ မယ်တော်ကိုယ်တိုင် သားတော်ယေရှုနဲ့ အတူတူ IDP မှာ နေခဲ့ရတယ်။ ဒီနေ့ ကချင်၊ ကရင်၊ရှမ်း၊ ကယားတွေ စွန့်စွန့်စားစား နေရတယ်။ မိမိသားတော် ယေရှု လိုပဲ အန္တရာယ်နဲ့ ရင်ဆိုင်ရပါတယ်။ ဘုရားရှင်ဟာ မွန်မြတ် ဒါဂိတ် ဘုရင်မင်းကြီး၊ ဆောလမုန်ဘုရင်ကြီး လက်ထဲမှာ မိမိရဲ့လူမျိုးကို စောင့်ရှောက်ဘို့ အပ်နှင်းထားတယ်။

ဒီဘုရင်တွေဟာ ကြီးမားသော ဉာဏ်ပညာ မြင့်မြတ်သော မေတ္တာနဲ့ သူ့ လူတွေ ကို ကြည့်ရှုခဲ့ကြတယ်။ သူတို့ဟာ ဘုရားကိုယ်စားလှယ်များ ဖြစ်ကြတယ်။
ကျွန်ုပ်တို့ တိုင်းပြည်ကို အုပ်ချုပ်ဦးဆောင်နေကြတဲ့ ခေါင်းဆောင်များဟာ မိခင်များပမာ ဦးစီးဦးဆောင်နိုင်ဘို့ဆုတောင်းပေးကြရမယ်။
ကျွန်ုပ်တို့ သတိထားမိကြမယ်။ နိုင်ငံတော်ရဲ့ ရတနာတွေဟာ လူနည်းစု တစ်စုသာ စိုးစံနေတယ်။ အကျိုးခံစားနေရတယ်။ မတရားလုယူ၊ ကျုံးသိမ်းပြီး၊ အလွတ်ရှောင်နေတဲ့ ခေတ်ကြီးအဆုံးသတ်နိုင်ပြီး၊ နိုင်ငံတော်ကြီးတရားမျှတဘို့ ဆုတောင်းရုံမက ပါဝင်ပါတ်သက်နိုင်ကြ ရပါမယ်။ မိခင်အစစ်များဟာ သားသမီး များအပေါ် ဘယ်တော့မှ မတရား မကျင့်ပါဘူး။ သံလူကားရေးထားတဲ့ အခန်းကြီး (၁)ကို ဖတ်ရှုရင် မယ်တော်ဟာ တော်လှန်ရေး သီချင်းမြွတ်ဆိုထားတယ်။"God will raise the lowly + humble the arrogant. He will send the rich away empty + fill the poor"

မာနထောင်လွှားသောသူတော့ကို ကွဲလွင့်စေတော်မူပြီ။ ဘုရင်တို့ကို ရာဇပလ္လင်ပေါ်မှ ချ၍ နှိမ့်ချသော သူတို့ကို ချီးမြှောက်တော်မူပြီ။

ငတ်မွတ်သော သူတို့ကို ကောင်းမွန်စွာကျွေး၍
ရတတ်သောသူတို့ကို လက်ချည်းလွှတ်လိုက်တော်မူပြီ။ (လုကား ၁း၅၁-၅၃)

ဒါဟာ ကောင်းသောခေါင်းဆောင်၊ ကောင်းသောမိခင်တစ်ဦးရဲ့ ကျင့်စဉ်ပါပဲ

- မြန်မာပြည်ရဲ့ အုပ်ချုပ်ဦးဆောင်တဲ့ ပုဂ္ဂိုလ်များ၊ တကယ့်မိခင်များ ဖြစ်ဘို့ရာက စိန်ခေါ်ချက်ကြီးတစ်ခုပါ။ ဒီနိုင်ငံကြီးဟာ ကြွယ်ဝချမ်းသာ ခြင်းနဲ့ ကောင်းကြီး ခံစားရတယ်။ ဒါပေမဲ့ သားသမီးတွေ မျှမျှတတ မခံစားရကြဘူး။ လာမဲ့ ရွေးကောက်ပွဲမှာ လူတိုင်း (Same rights + duties)တာဝန်ဝတ္တရားနဲ့ ခံစားခွင့်ရရှိစေဘို့ ဆုတောင်းကြရမယ်။

- အမိမယ်တော်ဟာ မြန်မာပြည်ကို ကြည့်ပြီး ပဌမပျော်တယ်။ ဘာဖြစ်လို့ လဲ ဆိုတော့ တိုင်းရင်းသားပေါင်းစုံ၊ လယ်မြေသစ်တောကြွယ်ဝကြတယ်။ သံယံဇာတ ပြောပြမကုန်အောင် ဒွေးကြတယ်။ ဒါပေမဲ့ မယ်တော် ဝမ်းနည်းမှာက တတ်နိုင်သူ၊ စွမ်းနိုင်သူ၊ နိုင်နိုင်သူတွေက မျိုးစားထား ကြတယ်။ သိမ်းသိုထားတယ်။

## - Nature + earth is our mother.

သဘာဝနဲ့ ပထဝီမြေကြီးသည် ကျွန်ုပ်တို့မိခင်။ မယ်တော်ဟာကျွန်ုပ်တို့ တိုင်းရင်းသားများကို စောင့်ရှောက်ရုံမကသံယံဇာတများကိုပါ ထိမ်းသိမ်း ကာကွယ်ပေးဘို့၊ ဆုတောင်းကြရမယ်။ သံယံဇာတပေါ် အခြေခံပြီး ဖြစ်နေတဲ့ စစ်ပွဲတွေရပ်စဲဘို့ ဆုတောင်းရမယ်။ မယ်တော်သခင်မ မာရိယားဟာ ငြိမ်းချမ်းခြင်း မယ်တော်

- နောက်နှစ် ညောင်လေးပင်ပွဲလာတဲ့အခါ ၂၀၂၀- ဖေဖော်ဝါရီလသည် လုံးဝ နိုင်ငံမှာ အေးချမ်းသာယာပြီး တိုးတက်နေတော့မယ်။ မယ်တော် တတ်နိုင်တယ်။ သားတော်သခင်ယေရှုးထံ ဆုတောင်းပေးမယ်။ သခင်ယေရှုးက မငြင်းပါဘူး။

ကာနန်လက်ထပ်ပွဲ - အခွံ၊ ဗလာဖြစ်နေတဲ့ အိုး (၆)လုံး empty pots of anxiety, war, displacement, poverty, discrimination + human trafficking စိုးရိမ်ကြောင့်ကြခြင်း၊ စစ်မက်ဖြစ်ပွား၊ စစ်ရှောင်စခန်း၊ ဆင်းရဲမွဲတေတာ၊ ခွဲခြားဆက်ဆံတာ၊ လူကုန်ကူးတာတွေ အစား စပျစ်ပိုင်အသစ်ဖြစ်တဲ့

၁။ ချမ်းမြေ့ပျော်ရွှင်ခြင်း

၂။ စစ်များရပ်စဲ ငြိမ်းချမ်းသာယာခြင်း

၃။ ကိုယ်အိုး၊ ကိုယ်အိမ်မ်စီပြန်ရောက်ခြင်း

၄။ အားလုံးချမ်းသာကြွယ်ဝခြင်း

၅။ တရားမျှတခြင်း

၆။ အမျိုးသမီး၊ မိန်းကလေးများကို ကာကွယ်စောင့်ရှောက်ခြင်းများနဲ့ ပြည့်စွက်ပေးပါလို့ ဆုတောင်းရအောင်။ မယ်တော်သခင်မ မာရိယား ဒို့အမေ- အားလုံးရဲ့ မိခင် ကြားဂင်ဆုတောင်းပေးခြင်းအားဖြင့် ကျွန်ုပ်တို့ နိုင်ငံကြီး အမှောင်ထု ဖြိုခွင်းပြီး အာရုဏ်ဦး၊ မိုးလင်းနိုင်ပါစေ။

ကျေးဇူးကျွန်မှာပါ။